# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

February 25 , 2022 Volume 51, Number 19


၂၅.၂.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၁၅ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၁၉၉၅ ကျပ် |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၉၈၆.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၁၂.၈ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၇၈.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၇၈.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၁.၄၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၅၆၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၇.၆၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၃၃၈၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၄.၆၆၆ ကျပ် |

Source: CBM Rate, etrademyanmar.com

## CONTACT US


ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၃၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၃၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပြည်တွင်းစားသုံးမှုများသည့် ဆန်အမျိုးအစားများ ဈေးနှုန်းမြင့်တက်လာ



မြန်မာတောင်သူကြီးများဂျာနယ်

ပြည်တွင်းစားသုံးမှု များပြားသည့် ဆန်အမျိုးအစားများနှင့် စပါးဈေးများ မြင့်တက်လာကြောင်း လက်လီလက်ကား ရောင်းချသူများထံကသိရသည်။ တောင်သူများလက်ဝယ်တွင် စပါးလက်ကျန် နည်းပါးပြီး စပါးလှောင်လက်များထံ၌ စပါးလက်ကျန်ရှိနေခြင်းဖြင့် ဈေးနှုန်းအနည်းငယ် မြင့်တက်လာသည်ဟု ရွှေဘိုနယ်မှ ဆန်ကုန်သည်တစ်ဦးက သုံးသပ်သည်။

"စပါးက တောင်သူတွေဆီမှာ မရှိသလောက်ပဲ။ လှောင်လက်တွေဆီက စပါးကို ဆန်စက်တွေကဝယ်ရတော့ ဈေးတက်လာတယ်။ စပါးဈေးလည်း ခုရက်ပိုင်းမှာကို တော်တော်တက်သွားတယ်။တောင်သူအချို့ စပါးမစိုက်ဘဲ ပဲစိုက်ကြသူတွေများလာလို့ နောက်နှစ်နွေစပါးအထွက်နှုန်းကလည်း နည်းသွားနိုင်တယ်"ဟု ၎င်းကပြောသည်။

ပြည်တွင်းဆန်ဈေးကွက်တွင် ရက်ပိုင်းအတွင်း ဈေးနှုန်းများမြင့်တက်လာပြီး ပြီးခဲ့သည့် ရက်သတ္တတစ်ပတ်ကထက် ဆန်အမျိုးအစားအလိုက် ကျပ် ၃၀၀၀-၄၀၀၀ ဝန်းကျင် မြင့်တက်လာကြောင်းနှင့် တောင်သူအချို့ အခြားသီးနှံများကို ပြောင်းလဲစိုက်ပျိုးမှု ပိုမိုများလာပါက စပါးအထွက်နှုန်းကျဆင်းနိုင်ကြောင်း မန္တလေးတိုင်းဒေသကြီး ဆန်ကုန်စည်ဒိုင်အဖွဲ့ဝင် တစ်ဦးက သုံးသပ်ထားသည်။

"ပြည်တွင်းစားတဲ့ ဆန်ဈေးတက်လာတာက Export အဝယ် (နိုင်ငံခြားတင်ပို့မှု)နဲ့ မဆိုင်ဘူး။ Export (နိုင်ငံခြားတင်ပို့တဲ့) ဆန်အမျိုးအစားက ပြည်တွင်းစားသုံးမှု မရှိသလောက်ပဲ။ ဈေးတက်လာတယ်ဆိုတာ ဝယ်လိုအားနဲ့ထုတ်လုပ်မှုမမျှတတဲ့ အနေအထားဖြစ်လာလို့ပါ။ နွေစပါးပေါ်လာရင်တော့ ဆန်ဈေးငြိမ်လာနိုင်မှာပါ"ဟု ၎င်းက ပြောသည်။

ဖေဖေါ်ဝါရီ ၂၂ ရက်က ဆန်ဈေးနှုန်းများမှာ ၂၄ ပြည် တစ်တင်းခွဲတစ်အိတ်လျှင် ရောမင်းဆန်အဟောင်း ၅၅,၀၀၀ ကျပ် ၊ အသစ် ၄၅,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေး အဟောင်း ၇၀,၀၀၀ ကျပ်၊ အသစ် ၅၈,၀၀၀ ကျပ်၊ လုံးသွယ်မွှေးအသစ် ၄၅,၀၀၀ ကျပ် အသီးသီးဖြင့် ဈေးရှိကြောင်းသိရသည်။

**မြန်မာတောင်သူကြီးများဂျာနယ်**

## ပြည်ပက ကြက်သွန်နီများ ပြည်လည်ဝယ်ယူမှုကြောင့် မန္တလေးဈေးကွက်တွင် တစ်ပိဿာလျှင် ငွေကျပ် ၆၅၀ ထိရှိလာ



Photo: Internet

ပြည်ပက ကြက်သွန်နီများ ပြည်လည်ဝယ်ယူမှုကြောင့် မန္တလေးဈေးကွက်တွင် တစ်ပိဿာလျှင် ငွေကျပ် ၆၅၀ ထိရှိလာကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေကပြောပြ၍ သိရသည်။

ယခင်က ပြည်တွင်းမှ ကြက်သွန်နီများကို ပြည်ပက အဝယ်အနည်းငယ်သာရှိသောကြောင့် မန္တလေးဈေးကွက်အတွင်း ဈေးနှုန်းများကျဆင်းခဲ့ကြောင်း၊ လက်ရှိတွင် ပြည်ပကကြက်သွန်နီများကို ပြန်လည်ဝယ်ယူမှုများလာသည့်အပြင် ပြည်တွင်း၌လည်း အရောင်းအဝယ်ပြန်လည်ကောင်းမွန်လာမှုကြောင့် ကြက်သွန်နီဈေးနှုန်းများ ပြန်လည်မြင့်တက်လာကြောင်းသိရသည်။

“အခုပြည်ပကို အများဆုံးတင်ပို့နေတာက မြစ်သားနဲ့ရွှေဘိုကထွက်ရှိတဲ့ ကြက်သွန်နီတွေပါ။ အခုမန္တလေးဈေးကွက်အတွင်းမှာ အဲဒီမြို့တွေကထွက်ရှိတဲ့ ကြက်သွန်နီတွေ ရောင်းအားကောင်းနေပြီး ဈေးနှုန်းမြင့်တက်နေပါတယ်။ နောက်ထပ်ပြည်ပနဲ့ပြည်တွင်းကသာ အခုလိုအဝယ်များလာရင် ကြက်သွန်နီဈေးက အခုထက်ဈေးကောင်းပိုရဖို့ရှိပါတယ်” ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

ယခင် မန္တလေးဈေးကွက်အတွင်း ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၃၅၀ ခန့်သာ ဈေးရှိခဲ့သော်လည်း လက်ရှိတွင် ပြည်တွင်းအပြင် ပြည်ပနိုင်ငံကပါ အဝယ်များလာခြင်းကြောင့်ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၆၅၀ ခန့်ထိ ပေါက်ဈေးရှိနေပြီး ဈေးနှုန်းများ မြင့်တက်လာကြောင်းသိရသည်။

**Source:** ရတနာပုံသတင်းစာ

## ဖေဖော်ဝါရီနောက်ဆုံးပတ် ရောစပါးဈေး အနည်းငယ်တက်လာ

ဧရာဝတီတိုင်းဒေသကြီးအတွင်း မိုးစပါးနှင့်ရေကျနောက်စိုက်စပါးများ ဆန်ဈေးနှုန်းများမြို့နယ်အလိုက်ကွာခြားလျက်ရှိပြီး ဒေသပေါက်ဈေးများမှာအောက်ပါအတိုင်းဖြစ်သည်။ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်တွင် ပေါ်ဆန်းစပါး ၅၂ ပေါင်ဈေးနှုန်း (၁၁၀၀၀၀၀ ကျပ်)ဝန်းကျင်ရှိပြီး၊ ဆန်တစ်အိတ်ဈေးနှုန်း ၄၀၀၀ ကျပ်ရှိသည်။ ရွှေသွယ်စပါးဈေးနှုန်း ၄၆ ပေါင် (၈၀၀၀၀၀ ကျပ်) ဖြစ်ပြီး၊ ဆန်တစ်အိတ်ဈေးနှုန်း ၃၁၀၀၀ ကျပ်ဖြစ်သည်။

ကျောင်းကုန်းမြို့နယ်တွင် မနောသုခစပါးပေါင် ၅၀ ဈေးနှုန်း(၇၂၀၀၀၀ ကျပ်)၊ ဆန်တစ်အိတ်ဈေးနှုန်း (၂၆၀၀၀ ကျပ်)ရှိပြီး ရေကျနောက်စိုက် ဆင်းသုခစပါး ပေါင် ၅၀ ဈေးနှုန်း(၇၅၀၀၀၀ ကျပ်)ဖြင့် ရန်ကုန်သို့တင်ပို့လျှက်ရှိသည်။

မြောင်းမြခရိုင်အတွင်းရှိ ပေါ်ဆန်းစပါးဈေးနှုန်း ၅၂ ပေါင်(၁၅၀၀၀၀၀ ကျပ်)ဝန်းကျင်ဖြစ်ပြီး၊ ဆန်တစ်အိတ်ဈေးနှုန်း (၃၇၀၀၀ ကျပ်–၃၈၀၀၀ကျပ်)ဖြစ်သည်။ မနောသုခ၊ ဆင်းသုခစပါးပေါင် ၅၀ ဈေးနှုန်း(၇၃၀၀၀၀ ကျပ်– ၇၄၀၀၀၀ ကျပ်)၊ ဆန်တစ်အိတ်ဈေးနှုန်း (၂၅၀၀၀ ကျပ်–၂၆၀၀၀ ကျပ်)၊ နံ့ကားစပါးပေါင် ၅၀ ဈေးနှုန်း(၇၀၀၀၀၀ ကျပ် – ၇၁၀၀၀၀ ကျပ်)၊ ဆန်တစ်အိတ်ဈေးနှုန်း (၂၄၅၀၀ ကျပ်)ဖြစ်ပြီး အညာဒေသနှင့်ရန်ကုန်သို့တင်ပို့မှုအနည်းငယ်ရှိနေသည်။

ဟင်္သာတမြို့နယ်တွင် စပါးဈေးနှုန်း ၄၆ ပေါင် (၆၅၀၀၀၀ ကျပ်)၊ ပေါင် ၅၀ (၇၂၀၀၀၀ ကျပ်)နှင့် ဆင်းသုခဆန်တစ်အိတ်ဈေးနှုန်း ၂၄၅၀၀ ကျပ်ရှိနေပြီး ရန်ကုန်သို့တင်ပို့ရောင်းချလျက်ရှိသည်။

လေးမျက်နှာမြို့နယ်တွင် ဆင်းသုခစပါးဈေးနှုန်းပေါင် ၅၀ (၆၈၀၀၀၀ ကျပ်)၊ ဆင်းသုခ ဆန်တစ်အိတ်ဈေးနှုန်း (၂၇၀၀၀ ကျပ်)၊ ပခန်းရွှေဝါ စပါးဈေးနှုန်းပေါင် ၅၀ (၇၅၀၀၀၀ ကျပ် – ၇၆၀၀၀၀ ကျပ်)၊ ပခန်းရွှေဝါဆန်တစ်အိတ်ဈေးနှုန်း (၂၈၀၀၀ ကျပ် – ၂၉၀၀၀ ကျပ် ) ဖြစ်သည်။

မအူပင်ခရိုင်အတွင်းရှိ ပေါ်ဆန်းစပါးဈေးနှုန်း၅၂ပေါင်(၁၀၁၀၀၀၀ ကျပ်)ဝန်းကျင်ဖြစ်ပြီး၊ ဆန်တစ်အိတ်ဈေးနှုန်း(၃၉၀၀၀ ကျပ်–၄၀၀၀၀ ကျပ်)ဖြစ်သည်။ နံ့ကားပေါင် ၅၀ စပါးဈေးနှုန်း(၇၁၀၀၀၀ ကျပ်) ဖြစ်ပြီး၊ ဆန်တစ်အိတ်ဈေးနှုန်း(၂၄၅၀၀ ကျပ် ဖြင့် ရန်ကုန်သို့တင်ပို့ရောင်းချလျက်ရှိသည်။

ကျိုက်လတ်မြို့နယ်တွင် ပေါ်ဆန်းစပါး ၅၂ ပေါင်ဈေးနှုန်း (၁၁၀၀၀၀၀ ကျပ်)ဖြစ်ပြီး၊ ပေါ်ဆန်းဆန်၁အိတ် ဈေးနှုန်း (၃၉၀၀၀ ကျပ်)၊ ဆင်းသုခစပါးဈေးနှုန်း ၅၀ ပေါင်(၇၅၀၀၀၀ ကျပ်)၊ ဆန်ဈေးနှုန်း(၂၆၀၀၀ ကျပ်)ရှိနေသည်။

ဈေးကွက်အခြေအနေမှာ မိုးစပါးအဝင် နည်းပါးလာသဖြင့် စက်ပိုင်၊ ကုန်သည်နှင့်တောင်သူကြီးများမှ သိုလှောင်မှုများကြောင့် စပါးဈေးအနည်းငယ်မြင့်တက်မှုရှိနေပြီး၊ ယခုနှစ်ရောင်းဝယ်ယူမှုများသည် လက်ငင်းငွေချေစနစ်များဖြင့် ရောင်းဝယ်မှုများ ရှိနေသေးသဖြင့် ရောင်းဝယ်မှုမှာ ယခင်နှစ်ထက် အရောင်းအဝယ်အေးလျက်ရှိနေသည်။

**Source: ရောကုန်သွယ်မှုဇဟိုဌာန**

## မလေးရှားစားအုန်းဆီထုတ်လုပ်မှု ပြန်လည်မြှင့်တင်ရန်ကြိုးပမ်း



https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/4283-malaysia-raise-palm-oil-output.html

မလေးရှားက စားအုန်းဆီ စိုက်ခင်းများတွင် လုပ်သားမလုံလောက်မှုကို ဖြေရှင်းပေးပြီး စားအုန်းဆီထုတ်လုပ်မှု ပြန်လည်မြှင့်တင်ပေးမယ်လို့ မလေးရှားနိုင်ငံမှ စိုက်ခင်းလုပ်ငန်းများနှင့်စားသုံးကုန်ပစ္စည်းဝန်ကြီး Datuk Zuraida Kamaruddin က ပြောကြားပါတယ်။

Covid-19 ကပ်ရောဂါကြောင့် ပြည်ဝင်ခွင့်ပိတ်ပင်ထားလို့ ဆီအုန်းစိုက်ခင်းများမှာ ပြည်ပလုပ်သားများ လာရောက်နေထိုင် လုပ်ကိုင်လို့မရဖြစ်နေခဲ့ပြီး လုပ်သားမလုံလောက်တဲ့ ပြဿနာကြီးမားနေပါတယ်။ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယနှင့်အင်ဒိုနီးရှားတို့မှ လုပ်သားများ ထောင်ချီတဲ့ဦးရေဖြင့် ငှားရမ်းပြီး ဖြည့်တင်းသွားမှာဖြစ်ပါတယ်။"လုပ်သား မလုံလောက်တဲ့ ပြဿနာကို ကိုင်တွယ်ဖြေရှင်းပြီးသွားရင် မလေးရှားက စားအုန်းဆီကို ပြည်ပဈေးကွက်များသို့ ပိုမိုတင်ပို့ပေးနိုင်မှာဖြစ်ပါတယ်။ ကျွန်မတို့ ပြည်ပလုပ်သားဦးရေ ၃၂,၀၀၀ ခေါ်သွင်းဖို့ အစီအစဉ်ရှိပါတယ်" လို့ Datuk Zuraida Kamaruddin က ပြောကြားပါတယ်။ ယခုအခါ လျှောက်လွှာများကို စိစစ်နေတယ်လို့ ဝန်ကြီးကပြောကြားပါတယ်။ တစ်ချိန်တည်းမှာပဲ ပြည်ပလုပ်သားအပေါ် အကြီးအကျယ် အားကိုးနေရတာကိုလျှော့ချဖို့ စက်ယန္တရားများသုံးစွဲနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ Mechanisation and Automation Research Consortium of Oil Palm (MARCOP)နှင့်အတူ ပူးပေါင်းပြီး လုပ်ကိုင်မယ့်ရင်းဂစ်သန်း ၆၀ ကုန်ကျမယ့် စီမံကိန်းကို ဘတ်ဂျက်အတည်ပြုခွင့်ပြုပေးထားပြီးဖြစ်ပါတယ်။ ၃ နှစ်မှ ၅ နှစ်အတွင်း အလိုအလျောက် လုပ်ကိုင်ပေးတဲ့ စက်ယန္တရားများ ဖန်တီးပေးရမယ့် စီမံကိန်းဖြစ်ပါတယ်။

မလေးရှားစားအုန်းဆီ ထုတ်လုပ်မှုတန်ချိန်ပမာဏ ၂၀၂၀ မှာ ၁၉.၁ သန်းရှိပြီး ၂၀၂၁ မှာ ၁၈.၁ သန်းရှိပါတယ်။ တန်ချိန်တစ်သန်း လျော့နည်းခဲ့ပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/4283-malaysia-raise-palm-oil-output.html

## ရုရှား-ယူကရိန်းအရေးကြောင့် မလေးရှားစားအုန်းဆီဈေး စံချိန်သစ်နဲ့မြင့်တက်

ရုရှားက ယူကရိန်းကို ကျူးကျော်စစ်စတင်ချိန်မှာပဲ မလေးရှားကုန်စည်ဒိုင်က စားအုန်းဆီကြမ်း ကြိုပွဲဝိုင်း ရောင်းဝယ်ရေးဟာ တစ်တန်ကို ရင်းဂစ် ၇၀၀၀ အထက် ပထမဆုံး ရောက်ရှိသွားခဲ့ပါတယ်။

မနေ့က မလေးရှားကုန်စည်ဒိုင်မှာ ရှေ့လ (မတ်လ) အတွက် စားအုန်းဆီကြမ်းကြိုပွဲဝိုင်းဈေးဟာ တစ်တန်ကို ၇၀၉၃ ရင်းဂစ်ရှိခဲ့ပြီး ၅၈၇ ရင်းဂစ်အထိ ခုန်ပျံမြင့်တက်ခဲ့ပါတယ်။ အလားတူ ဧပြီလကြိုပွဲဝိုင်းဈေးကလည်း ၅၃၃ ရင်းဂစ်ခုန်တက်ပြီး တစ်တန်ကို ၆၇၈၆ ရင်းဂစ် ဈေးရှိခဲ့ပါတယ်။ မနေ့က ကမ္ဘာ့ရေနံဈေးက ၂၀၁၄ ခုနှစ်နောက်ပိုင်းမှာ ပထမဆုံးအကြိမ်အဖြစ် တစ်စည်ကို ဒေါ်လာ ၁၀၀ အထိ မြင့်တက် ခဲ့ပြီး ရွှေအပါအဝင် အဖိုးတန်သတ္တုဈေးတွေလည်း မြင့်တက်ခဲ့တာတွေ့ရပါတယ်။

စားအုန်းဆီဈေးကွက်မှာ ရောင်းအားလိုအပ်ချက်ပြဿနာရှိနေဆဲဖြစ်ပြီး ရေတိုနဲ့ရေလတ်အတွင်းမှာ အဝယ် စိတ်ဝင်စားမှုလည်းရှိနေဆဲဖြစ်လို့ ဆီဈေးကို အတက်မှန်းဈေးကစားတာတွေရှိနေတယ်လို့ မလေးရှားက ဆီကုန်သည်တွေက သုံးသပ်

ပါတယ်။ ဒါပေမဲ့ ခန့်မှန်းဈေးကစားခြင်းသာဖြစ်လို့ ရေရှည်မှာဒီအတိုင်း ဆီဈေးဆက်တက်နေဖို့ကတော့ အလားအလာနည်းတယ်လို့လည်း သူတို့က ယူဆထားကြပါတယ်။

**Ref: The Edge Market**

**Source: Current Content**

## ၂၀၂၄ ခုနှစ်တွင် မော်တော်ကားထုတ်လုပ်မှု အစီးရေ(၂)သန်းကျော်ရှိလာနိုင်ကြောင်း ထိုင်းနိုင်ငံစက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ခန့်မှန်းခြင်း



Photo: Cars sit ready for export at Laem Chabang Port in Chon Buri province. (Photo: Patipat Janthong)

ကမ္ဘာ့စီးပွားရေး ပြန်လည်ဦးမော့လာမှုကြောင့် ထိုင်းနိုင်ငံ၏ နှစ်စဉ် မော်တော်ကားထုတ်လုပ်မှုသည် (၂)နှစ်အတွင်း အစီးရေ(၂)သန်းကျော်အထိ တိုးလာနိုင်မည်ဖြစ်ကြောင်း ထိုင်းစက်မှုလုပ်ငန်းရှင်များ အသင်းချုပ် Federation of Thai Industries( FTI) ၏ ခန့်မှန်းချက်အရသိရှိရပါသည်။

လျှပ်စစ်မော်တော်ကားများ(EVs)အတွက် အစိုးရ၏ မက်လုံးပေးမှု အစီအစဉ်တွင် ဘက်ထရီလျှပ်စစ်ကားBattery electric Vehicles များ အတွက် အကောက်ခွန်(၄၀%)အထိ လျှော့ချခြင်းပါဝင်ပြီး ၎င်းက ကားတင်သွင်းမှုကိုမြှင့်တင်ပေးလိမ့်မည်ဖြစ်သော်လည်း၊ ရေရှည်တွင် ပြည်တွင်းမော်တော်ကားထုတ်လုပ်မှုကို ထိခိုက်လိမ့်မည်မဟုတ်ကြောင်း FTI ဥက္ကဋ္ဌနှင့် မော်တော်ကား ကလပ်အသင်းပြောရေးဆိုခွင့်ရှိသူ Surapong Paisitpatanapong က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါအစီအစဉ်မှနေ၍ မော်တော်ကား တင်သွင်းသူများအနေဖြင့် အကျိုးအမြတ်များရရှိနိုင်သော်လည်း အစိုးရအနေဖြင့် လျှပ်စစ်မော်တော်ကားEVs များဖွံ့ဖြိုးတိုးတက်ရေးတွင် ရင်းနှီး မြှုပ်နှံမှုများပိုမိုလုပ်စေချင်ကြောင်း၎င်းကပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံ၏ဒေသတွင်း EVs ထုတ်လုပ်မှုဗဟိုချက်ဖြစ်လာစေရေး ရည်မှန်းချက်၏ တစ်စိတ်တစ်ပိုင်းဖြစ်သော ၂၀၃၀ ခုနှစ်တွင် ပြည်တွင်းထုတ်ကားများ၏ (၅၀%)ကို လျှပ်စစ်ကား EVs များ အဖြစ်မြင်တွေ့လိုကြောင်း အမျိုးသားလျှပ်စစ် မော်တော်ကားမူဝါဒကော်မတီက ပြီးခဲ့ သည့် မတ်လတွင်ထုတ်ပြန်ကြေငြာခဲ့ကြောင်းသိရှိရပါသည်။

FTI အနေဖြင့် အဓိကအားဖြင့်ကိုဗစ်-၁၉ ကိုထိန်းချုပ်ရန် အစီအမံဆောင်ရွက်ချက်များကြောင့် ထိုင်းမော်တော်ကား လုပ်ငန်းအနေဖြင့် နှေးကွေးသောရောင်းအားမှ ပြန်တက်လာစေရန် မျှော်လင့်ထားပြီး ကပ်ရောဂါမဖြစ်ပွားမီက နိုင်ငံ၏ မြင့်မားသောထုတ်လုပ်မှုအဆင့်သို့ ပြန်လည်ရောက်ရှိစေရန်မျှော်လင့်ထားကြောင်းသိရှိရပါသည်။

၂၀၁၈ခုနှစ်တွင်ထိုင်းနိုင်ငံ၏ မော်တော်ကားထုတ်လုပ်မှုမှာ အစီးရေ(၂,၁၆၇,၆၉၄) စီးရှိခဲ့ပြီး၊ အစီးရေ (၁,၁၄၂,၇၃၃)မှာ ပြည်ပသို့တင်ပို့ရန် ထုတ်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။ထိုင်းနိုင်ငံအနေဖြင့် ကမ္ဘာတစ်ဝှမ်းသို့ ကားများတင်ပို့ရောင်းချနေသောမော်တော်ကားထုတ်လုပ်သူ၊ မော်တော်ကားတပ်ဆင်သူနှင့် အစိတ်အပိုင်းများထုတ်လုပ်သူ၊ ကမ္ဘာတစ်ဝှမ်းသို့ကားတင်ပို့သူသည် ထိပ်တန်းနိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း Mr.Surapongကပြောကြားခဲ့ပါသည်။

ကပ်ရောဂါဖြစ်ပွားနေသော်လည်း ယမန်နှစ်က မော်တော်ကား ထုတ်လုပ်မှုအနေဖြင့် အစီးရေ(၁.၆၈)သန်းအထိ တိုးမြှင့်နိုင်ခဲ့ပြီး နှစ်အလိုက်တွင် (၁၈.၁%)တိုးတက်ခဲ့ကြောင်း၊ အဆိုပါကိန်းဂဏန်းများသည် FTI ကရည်မှန်းထားသည့် အစီးရေ (၁.၆)သန်းကို ကျော်လွန်ခဲ့ကြောင်းသိရှိရပါသည်။ FTI အနေဖြင့် ယခုနှစ်အတွက် အစီးရေ(၁.၈)သန်းအထိ ထုတ်လုပ်နိုင်ရန် မျှော်မှန်းထားကြောင်းနှင့်အစီးရေ (၉၀၀,၀၀၀)မှ(၉၅၀,၀၀၀)ခန့် ပြည်ပသို့တင်ပို့နိုင်လိမ့်မည်ဟု မျှော်လင့်ထားကြောင်းသိရှိ ရပါသည်။

**Source: Bangkok Post**

**လွင်မျိုးဇော် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘန်ကောက်)**

## ရုရှား-ယူကရိန်းစစ်ပွဲကြောင့် ဂျပန်နိုင်ငံတွင် ကုန်ဈေးနှုန်းများ မြင့်တက်လာပြီး နိုင်ငံ့စီးပွားရေးအပေါ် စိုးရိမ်မှုများမြင့်တက်လာခဲ့

ယူကရိန်းနယ်စပ်တစ်ဝိုက်တွင် ရုရှား၏စစ်ရေးအင်အား တိုးချဲ့မှုစတင်ခဲ့သည့်အချိန်မှစ၍ သွင်းကုန်အပေါ် အဓိကအားထားနေရသည့် ဂျပန်နိုင်ငံအနေဖြင့် ပြည်တွင်းစီးပွားရေးအပေါ် သက်ရောက်လာနိုင်မှုကို စိုးရိမ်မှုများဖြစ်ပေါ်နေချိန်တွင် ရုရှားနှင့်ယူကရိန်းအကြား စစ်ပွဲဖြစ်ပွားမှုကြောင့် ရေနံစိမ်းနှင့်ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာနိုင်သည်ဟု စီးပွားရေးပညာရှင်များက သုံးသပ်ခန့်မှန်းကြပါသည်။

ရုရှား-ယူကရိန်းပြဿနာသည် တိုကျိုစတော့ရှယ်ယာဈေးကွက်အပေါ် မသေချာမရေရာမှုများ ဖြစ်ပေါ်စေပြီး လတ်တလောရှိခဲ့သည့် နှစ်ကေးရှယ်ယာအညွှန်းကိန်း ၂၇,၀၀၀ ၏ အောက်သို့ကျဆင်းကာ ၂၆,၀၀၀ ခန့်တွင် ရပ်တည်နေနိုင်ကြောင်း စတော့ရှယ်ယာဆောင်ရွက်သူများက ခန့်မှန်းထားပါသည်။

အမေရိကန်နှင့် မဟာမိတ်နိုင်ငံများက ရုရှားအားတုန့်ပြန်သောအားဖြင့် ဓာတ်ငွေ့၊ ရေနံနှင့်အခြားစွမ်းအင် ထောက်ပံ့မှုများကို ဖြတ်တောက်ရန် တွန်းအားပေးသည့် ပိတ်ဆို့အရေးယူမှုများ ချမှတ်မည်ဖြစ်ကြောင်း ကြေငြာခဲ့ပါသည်။

ပထဝီနိုင်ငံရေးတင်းမာမှုများသည် မကြာသေးမီက ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်လာခြင်းနှင့် ငွေကြေးဖောင်းပွမှုတို့ကြောင့်ဖြစ်သည်ဟု Mitsubishi UFJ Morgan Stanley Securities Co. မှ အကြီးတန်း ရင်းနှီးမြှုပ်နှံမှုမဟာဗျူဟာဆိုင်ရာ သုတေသီ Norihiro Fujito က ပြောကြားခဲ့ပါသည်။ ထို့အပြင် ထုတ်လုပ်မှုကုန်ကျစရိတ်များ မြင့်တက်လာခြင်းကြောင့် ဂျပန်ကုမ္ပဏီများ၏ အမြတ်အစွန်းရရှိမှုသည် ကျဉ်းမြောင်းသွားနိုင်ပြီး ကုန်ပစ္စည်းဈေးနှုန်းများ တိုးမြှင့်ရေးနှင့်ပတ်သက်၍ စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလာနိုင်ကြောင်း ၊ ယူကရိန်းအကျပ်အတည်းသည် လာမည့် ၂၀၂၂ ခုနှစ်၊ ဧပြီလတွင်စတင်မည့် ဘဏ္ဍာနှစ်အသစ်တွင် ဂျပန်ကုမ္ပဏီအချို့အား ၎င်းတို့၏ အမြတ်အစွန်းအလားအလာများကို ပြန်လည်သုံးသပ်ရန် တွန်းအားပေးစေလိမ့်မည်ဟု Norihiro Fujito က သုံးသပ်ခဲ့ပါသည်။

အနောက်အုပ်စုနိုင်ငံများနှင့် ရုရှားတို့အကြား သဘောထားတင်းမာမှုများကြောင့် အရှေ့အလယ်ပိုင်းဒေသမှ အနာဂတ်ရေနံစိမ်းဈေးနှုန်းများသည် ၁ ကီလိုလီတာလျှင် ယန်း ၆၂,၉၂၀ (အမေရိ ကန်ဒေါ်လာ ၅၅၀ ခန့်) အထိ တိုကျိုကုန်စည် ဈေးကွက်တွင် ယခုဖေဖော်ဝါရီလဝက်ခန့်တွင် စတင်မြင့်တက်လာခဲ့ပြီး ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်နောက်ပိုင်း အမြင့်ဆုံးဈေးနှုန်းဖြစ်ကြောင်း သိရပါသည်။

ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ရေနံဆီနှင့် လောင်စာဆီဈေးနှုန်းများ သိသိသာသာမြင့်တက်မှုမှ ကာကွယ်ရန် ကြိုးပမ်းမှုအဖြစ် ဂျပန်ဝန်ကြီးချုပ် Fumio Kishida ဦးဆောင်သည့်အစိုးရအဖွဲ့သည် ရေနံကဏ္ဍဆိုင်ရာ ပံ့ပိုးမှုအစီအစဉ်ကို ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ပထမဆုံးအကြိမ်အဖြစ် ဆောင်ရွက်ခဲ့ပါသည်။

သို့သော်လည်း ဂျပန်နိုင်ငံမှ ရေနံအသင်းအနေဖြင့် ရုရှား-ယူကရိန်းစစ်ပွဲ၏ သက်ရောက်မှု ကြောင့် ရေနံစိမ်းဈေးနှုန်းများ ထပ်မံမြင့်တက်လာမည်ကိုစိုးရိမ်နေပြီး အစိုးရအား ရေနံကဏ္ဍဆိုင်ရာ ပံ့ပိုးမှုအစီအစဉ်များကို ထပ်မံဆောင်ရွက်ပေးရန် တောင်းဆိုခဲ့ပါသည်။

ဂျပန်အနေဖြင့် ရုရှားနိုင်ငံမှ ရေနံစိမ်းများကို ၄ % ခန့်သာတင်သွင်းနေသော်လည်း ဂျပန်နိုင်ငံရေနံအသင်း၏ အကြီးအကဲဖြစ်သူ Tsutomu Sugimori က ကမ္ဘာ့ရေနံစိမ်း၏ ၁၀ % ခန့်သည် ရုရှားနိုင်ငံမှတင်ပို့နေခြင်းဖြစ်သဖြင့် ရုရှားနိုင်ငံအပေါ် ကုန်သွယ်မှုနှင့်ရောင်းလိုအားကို ကန့်သတ်လိုက်မည်ဆိုပါက ဈေးနှုန်းအပေါ် များစွာသက်ရောက်လာမည်ဖြစ်ကြောင်း သုံးသပ်ပြောကြားခဲ့ပါသည်။

ထို့အပြင် ယူကရိန်းနိုင်ငံသည် ဂျုံနှင့်ပြောင်းအပါအဝင် ကောက်ပဲသီးနှံများကို ထိပ်တန်း ထုတ်လုပ်တင်ပို့နေသည့် နိုင်ငံဖြစ်ပြီး ရုရှား-ယူကရိန်းစစ်ပွဲ၏အကျိုးဆက်ကြောင့် ကမ္ဘာ့လယ်ယာစိုက်ပျိုးရေးထွက်ကုန် ပံ့ပိုးမှုကွင်းဆက်တွင် အဟန့်အတားများအဖြစ် သက်ရောက်စေနိုင်သည်ဟု စီးပွားရေးသုတေသီများက သုံးသပ်ကြပါသည်။ ကမ္ဘာ့ဘဏ်၏ အချက်အလက်များအရ ယူကရိန်းနိုင်ငံရှိ မြေယာများ၏ ၇၀ % ခန့်မှာ စိုက်ပျိုးရေးအတွက် အသုံးပြုဆောင်ရွက်နေကြောင်း သိရပါသည်။

ဂျပန်နိုင်ငံအနေဖြင့် ရေနံစိမ်းနှင့်ဂျုံတင်သွင်းမှုအပေါ် အဓိကမှီခိုနေရသည့်အတွက် အဆိုပါကုန်ပစ္စည်းများ ဈေးတက်လာခြင်းသည် ဂျပန်ကုမ္ပဏီများအပေါ် တိုက်ရိုက်ထိခိုက်မည့် သက်ရောက်မှုများရှိလာမည်ဟု သုတေသီ Norihiro Fujito က

ပြောကြားခဲ့ပါသည်။ ဂျပန်နိုင်ငံ၌ Cup Noodle နှင့် အခြားခေါက်ဆွဲခြောက်ထုတ်ကုန်များထုတ်လုပ်သည့် Nissin Food Products Co. သည် လာမည့် ဇွန်လ ၁ ရက်နေ့မှစ၍ ၎င်း၏ ထုတ်ကုန်များ၏ဈေးနှုန်းကို ယန်း ၁၈၀ ခန့် တိုးမြှင့်မည်ဖြစ်ကြောင်း ယခုလအစောပိုင်းတွင် ကြေငြာခဲ့ပါသည်။

ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်ကတည်းက ဂျပန်နိုင်ငံတွင် ကုန်ဈေးနှုန်းမြင့်တက်လာမှုများကြောင့် အိမ်ထောင်စုများ၏ အသုံးစရိတ်များလျော့ကျသွားစေနိုင်မည့် အလားအလာရှိကြောင်း Nomura Securities Co. မှ Maki Sawada က သုံးသပ်ပြောကြားခဲ့ပါသည်။

**Source:** https://japantoday.com/

**ခင်မြမြထွေး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဝါရှင်တန်)**

## အီးယူနှင့်အမေရိကန်နိုင်ငံတို့အကြား ယောက်သွားနှင့်ခရုကမာများကုန်သွယ်မှု ပြန်လည်စတင်မည်

အီးယူနှင့်အမေရိကန်နိုင်ငံတို့အကြား အခွံမာရေနေသတ္တဝါအမျိုးအစားများဖြစ်သော ယောက်သွား၊ ခုံးကောင်၊ ခရုနှင့် ကမာကောင်များကုန်သွယ်မှုကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလကုန်တွင် ပြန်လည်စတင်သွားမည်ဖြစ်ကြောင်း သိရပါသည်။ အီးယူအဖွဲ့ဝင် စပိန်နှင့်နယ်သာလန်နိုင်ငံတို့သည် အဆိုပါထုတ်ကုန်များကို အမေရိကန်နိုင်ငံသို့ တင်ပို့ခွင့်ရရှိမည်ဖြစ်ပြီး၊ အပြန်အလှန်အားဖြင့် အမေရိကန်နိုင်ငံ၊ မက်ဆာချူးဆက်နှင့် ဝါရှင်တန်ပြည်နယ်တို့မှ အလားတူထုတ်ကုန်များကို အီးယူသို့ တင်ပို့ခွင့်ရရှိမည်ဖြစ်ကြောင်း သိရပါသည်။

အီးယူနှင့် အမေရိကန်နိုင်ငံတို့အကြား အဆိုပါထုတ်ကုန်များ ကုန်သွယ်မှုပြုနိုင်ရေးအတွက် ထုတ်လုပ်မှုစနစ်များအား နှစ်ဘက်အပြန်အလှန်အသိအမှတ်ပြုရေးကို ဥရောပကော်မရှင်နှင့် အမေရိကန်နိုင်ငံ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန (FDA) တို့အကြား ကာလရှည်ကြာ ဆွေးနွေးလာခဲ့ကြခြင်းဖြစ်ပါသည်။ လုပ်ထုံးလုပ်နည်း၊ စံချိန်စံညွှန်းများ မတူကွဲပြားမှုကြောင့် အီးယူနှင့်အမေရိကန်တို့အကြား အခွံမာရေသတ္တဝါကုန်သွယ်မှုကို ဆောင်ရွက်နိုင်ခြင်းမရှိခဲ့သည်မှာ ၂၀၁၁ ခုနှစ် ကတည်းကဖြစ်ကြောင်း သိရပါသည်။

နှစ်ဘက်အကြား အခွံမာရေသတ္တဝါထုတ်လုပ်သည့်နေရာများအား အပြန်အလှန်စစ်ဆေးခြင်း (on-the-spot audits) ကို ၂၀၁၅ ခုနှစ်တွင် ဆောင်ရွက်ခဲ့ကြပါသည်။ ထို့နောက် ဆွေးနွေးမှုများကို နှစ်ပေါင်းအတန်ကြာပြုလုပ်ခဲ့ပြီးနောက် အီးယူအဖွဲ့ဝင် (၂) နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုမှ ပြည်နယ်(၂) ခုတို့အကြား ထုတ်လုပ်မှုစနစ်များအား တူညီစွာအသိအမှတ်ပြု နိုင်ခဲ့ကြခြင်းဖြစ်ပါသည်။ ထို့ကြောင့် အီးယူသို့ အခွံမာရေသတ္တဝါများတင်ပို့ခွင့်ရရှိသည့် တတိယနိုင်ငံများစာရင်းတွင် အမေရိကန်နိုင်ငံ၊ မက်ဆာချူးဆက်နှင့် ဝါရှင်တန်ပြည်နယ်တို့အား အီးယူကထည့်သွင်းခဲ့ပါသည်။

အီးယူအဖွဲ့ဝင် နယ်သာလန်နှင့်စပိန်နိုင်ငံတို့မှ အခွံမာရေသတ္တဝါများအား အမေရိကန်သို့တင်သွင်းနိုင်ရေး ဈေးကွက်ဖွင့်လှစ်ပေးခဲ့မှုနှင့်ပတ်သက်၍ အမေရိကန်နိုင်ငံ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဌာန (FDA) က အများပြည်သူနှင့် stakeholders များအား အသိပေးထုတ်ပြန်ထားကြောင်း၊ ထို့ပြင် အီးယူနှင့်အမေရိကန်နိုင်ငံတို့အကြား နှစ်ဘက်သဘောတူထားသည့် ခွင့်ပြုခြင်းလုပ်ငန်းစဉ်ကို ဆောင်ရွက်ပြီးပါက အခြားသောအီးယူအဖွဲ့ဝင်နိုင်ငံများမှ အခွံမာရေသတ္တဝါများကိုလည်း အမေရိကန်နိုင်ငံသို့ တင်ပို့ခွင့်ပြုနိုင်လိမ့်မည်ဖြစ်ကြောင်း သိရပါသည်။

**Source:** https://trade.ec.europa.eu/doclib/press/index.cfm?id=2359

**ကျော်စိန်ဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်)**

# STOCK EXCHANGE (25.2.2022)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 25th Feb. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,100 | -100 | -1.22% | 8,100 | 8,100 | 8,100 | 640 | 5,184,000 | 33,109,694 | 268,189 |
| MTSH | 00002 | 3,000 | +0 | +0.00% | 2,900 | 3,000 | 2,900 | 601 | 1,743,000 | 38,929,150 | 116,787 |
| MCB | 00003 | 7,800 | -200 | -2.50% | 7,800 | 7,800 | 7,800 | 20 | 156,000 | 10,400,986 | 81,128 |
| FPB | 00004 | 19,000 | +0 | +0.00% | 19,000 | 19,000 | 19,000 | 20 | 380,000 | 2,472,053 | 46,969 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 34 | 88,400 | 12,823,224 | 33,340 |
| EFR | 00006 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 68 | 190,400 | 19,977,223 | 55,936 |
| AMATA | 00007 | 5,200 | +200 | +4.00% | 4,900 | 5,200 | 4,900 | 55 | 271,000 | 10,497,598 | 54,588 |


## Market summary

As of 25th Feb. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 377.63 | -1.89 | -0.50% | 378.33 | 378.33 | 375.49 | 1,438 | 8,012,800 | 7 | 656,937 |

### Index chart




## Market Overview

### Main Board

As of 1:00 pm, 25th Feb. 2022

| MYANPIX | 377.63 ▼ 1.89 |
|---|---|
| Total Volume (shares) | 1,438 |
| Total Value (MMK) | 8 mil |
| Listed Company | 7 |
| Market Cap. (MMK) | 656,937 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,100 | ▼ 100 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 7,800 | ▼ 200 |
| FPB | 00004 | 19,000 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,800 | ▲ 0 |
| AMATA | 00007 | 5,200 | ▲ 200 |